စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

နှင့်

Winning Way Co., Ltd.

တို့အကြား

## 90 KVA Generator with Diesel Engine (3 Phase) (Brand New) (1 Set)

## ဝယ်ယူရန်ချုပ်ဆိုသော ပစ္စည်းဝယ်ယူခြင်းသဘောတူစာချုပ်

စာချုပ်အမှတ် - 56 (PL) 90 KVA Generator with Diesel Engine (3 Phase) (Brand New) (1)Set /MPE – MANN/ 2023–2024

ရက်စွဲ - ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်

## ပစ္စည်းဝယ်ယူခြင်းသဘောတူစာချုပ်

ဤသဘောတူစာချုပ်ကို၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရုံးအမှတ် (၄၄)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်၌ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန (နောင်တွင် " ပစ္စည်းလက်ခံသူ" (ဝယ်ယူသူ) ဟု ခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါ စကားရပ်၌ ယင်းအားဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်ဟု မှတ်ယူရမည်) က တစ်ဖက်

နှင့်

ဦးပိုင်စိုးလင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၈/စလန(နိုင်)၁၀၁၇၁၈၊ ဒါရိုက်တာ ကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော အမှတ် No. 589-592, Bo Aung Kyaw Street, Yangon-Pathein Highway Road, Hlaing Thar Yar Township, Yangon, Myanmar. တွင်တည်ရှိသည့် Winning Way Co., Ltd. (နောင်တွင် " ပစ္စည်းပေးသွင်းသူ" (ရောင်းသူ) ဟုခေါ်ဆိုရမည်ဖြစ်ပြီး အဆိုပါ စကားရပ်၌ ယင်းအား ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်ဟုမှတ်ယူရမည်) က အခြားတစ်ဖက်တို့သည် ဤသဘောတူစာချုပ်ကို ချုပ်ဆိုသည့်နေရာတွင် နှစ်ဖက်သဘောတူချုပ်ဆိုကြပါသည်။

### ရည်ရွယ်ချက်

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်) အတွက် 90 KVA Generator with Diesel Engine (3 Phase) (Brand New) (1) Set အား ဝယ်ယူရန် ချုပ်ဆိုခြင်းဖြစ်ပါသည်။

ပေးသွင်းရမည့်ပစ္စည်းအမျိုးအစားနှင့်အရေအတွက်

၂။ 90 KVA Generator with Diesel Engine (3 Phase) (Brand New) (1) Set ဖြစ်ပါသည်။

စံချိန်စံညွှန်းသတ်မှတ်ချက်များ

၃။ ပေးသွင်းမည့် 90 KVA Generator with Diesel Engine (3 Phase) (Brand New) (1) Set ၏ Specification မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | | | အရေအတွက် |
|---|---|---|---|---|
| 1 | 90 KVA Generator with Diesel Engine (3 Phase) (Brand New) | | | (1) Set |
| | Specification (MATADOR) | | | |
| | Power | : 100 KVA (Silent Generator) | | |
| | Phase | : 3 Phase | | |
| | Governor Type | : Electronic | | |
| | Fuel Type | : Diesel | | |
| | Cooling System | : Water Cooling | | |
| | Voltage | : 400 V | | |
| | Frequency | : 50 Hz | | |
| | <u>Remark</u> | | | |
| | | (i) | Provide the operation manual, Teat Certificate of Original | |
| | | | Manufacturer and detail drawing together with technical | |
| | | | proposal | |
| | | (ii) | Provide supervision require for the installation, commissioning | |
| | | | and test run. Service team shall visit your job site to do | |
| | | | periodically maintenance (every 250 hrs) | |
| | Manufacturer | : MATADOR | | |
| | Country of Origin | : China | | |
| | Warranty | : (1) Year | | |

သတ်မှတ်ဈေးနှုန်း

၄။ စာချုပ်ချုပ်ဆိုဝယ်ယူမည့် 90 KVA Generator with Diesel Engine (3 Phase) (Brand New) (1) Set အတွက် ကျသင့်ငွေ ကျပ်၃၅,၉၀၀,၀၀၀.၀၀(ကျပ်သုံးဆယ့်ငါးသန်းကိုးသိန်းတိတိ) ဖြစ်ပါသည်။

စာချုပ်အရပစ္စည်းတန်ဘိုး

၅။ 90 KVA Generator with Diesel Engine (3 Phase) (Brand New) (1) Set အတွက် ကျသင့်ငွေ ကျပ်၃၅,၉၀၀,၀၀၀.၀၀(ကျပ်သုံးဆယ့်ငါးသန်းကိုးသိန်းတိတိ) ဖြစ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | | | အရေအတွက် | ဈေးနှုန်း (ကျပ်) | သင့်ငွေ (ကျပ်) |
|---|---|---|---|---|---|---|
| 1 | 90 KVA Generator with Diesel Engine (3 Phase) | | | (1)Set | 35,900,000.00 | 35,900,000.00 |
| | (Brand New) | | | | | |
| | Specification (MATADOR) | | | | | |
| | Power | : 100 KVA (Silent Generator) | | | | |
| | Phase | : 3 Phase | | | | |
| | Governor Type | : Electronic | | | | |
| | Fuel Type | : Diesel | | | | |
| | Cooling System | : Water Cooling | | | | |
| | Voltage | : 400 V | | | | |
| | Frequency | : 50 Hz | | | | |
| | Remark | | | | | |
| | | (i) | Provide the operation manual, | | | |
| | | | Teat Certificate of Original | | | |
| | | | Manufacturer and detail drawing | | | |
| | | | together with technical proposal | | | |
| | | (ii) | Provide supervision require for the | | | |
| | | | installation, commissioning and | | | |
| | | | test run. Service team shall visit | | | |
| | | | your job site to do periodically | | | |
| | | | maintenance (every 250 hrs) | | | |
| | Manufacturer | : MATADOR | | | | |
| | Country of Origin | : China | | | | |
| | Warranty | : (1) Year | | | | |
| | စုစုပေါင်း (ကျပ်) | | | | | 35,900,000.00 |

22 SEP 2023

12 SEP

**အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း**

၆။ ပစ္စည်းလက်ခံသူ (ဝယ်သူ) သို့မဟုတ် ၎င်း၏ကိုယ်စားဆောင်ရွက်သူနှင့် ပစ္စည်းပေးသွင်းသူ "ရောင်းသူ" သို့မဟုတ် ၎င်းမှစာဖြင့် တရားဝင်အသိအမှတ်ပြုပေးခဲ့သူတို့သည် ဤစာချုပ်ကို ချုပ်ဆိုရန်နှင့် စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဥပဒေအရ လုပ်ပိုင်ခွင့်အာဏာ ပြည့်စုံသူများဖြစ်ကြောင်း အသီးသီး အာမခံပါသည်။

**ပစ္စည်းပေးသွင်းရမည့်ကာလ**

၇။ တင်သွင်းသည့် ပစ္စည်းအား စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း(၁၅၀)အတွင်း၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) စတိုသို့ အရောက် ပစ္စည်းအပြီးပေးသွင်းရမည်ဖြစ်ပါသည်။

**အရည်အသွေးစစ်ဆေးခြင်း**

၈။ ပေးသွင်းသောပစ္စည်းများမှာ အသစ် (Brand New) ဖြစ်ရမည်ဖြစ်ပြီး၊ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ/မရှိကို ပစ္စည်းပေးသွင်းသူရှေ့မှောက်၌ စစ်ဆေးမည်။ အရည်အသွေးနှင့်အရေအတွက် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါက စံချိန်စံညွှန်းကိုက်ညီမှုရှိသော ပစ္စည်းကို အချိန်မီအစားထိုး ပေးသွင်းရမည်။ အကယ်၍ အစားထိုးပေးသွင်းခြင်း မပြုခဲ့လျှင် "ဝယ်ယူသူ"မှ တောင်းခံမည့်သင့်လျော်သော နစ်နာဆုံးရှုံးမှု တန်ဖိုးကို "ရောင်းသူ" မှ ပေးရမည်။

**ပစ္စည်းပေးသွင်းခြင်းနှင့်လက်ခံခြင်း**

၉။ ပစ္စည်းပေးသွင်းခြင်းနှင့်လက်ခံခြင်းကို အောက်ပါအတိုင်းဆောင်ရွက်မည်-

(က) "ဝယ်ယူသူ" က လုပ်ငန်းလိုအပ်ချက်အရ ပစ္စည်းလိုအပ်ပါက ပစ္စည်းအား စာချုပ် ချုပ်ဆိုခြင်း မပြုမီ "ဝယ်ယူသူ" သို့ ပစ္စည်းကြိုတင်၍ ပေးသွင်းမှုသည် ဤစာချုပ်နှင့် အကျုံးဝင်ရမည်။

(ခ) "ရောင်းသူ"သည် ပစ္စည်းပေးသွင်းပြီးမပြုမီ (၇)ရက် ကြိုတင်၍ "ဝယ်ယူသူ" ထံသို့စာဖြင့် အကြောင်းကြားရမည်။ ယင်းသို့အကြောင်းကြားရာ၌ ပစ္စည်းပေးသွင်းမည့် ပမာဏ၊ နေရာနှင့် နေ့ရက်တို့ကို ဖော်ပြပါရှိရမည်။

(ဂ) "ရောင်းသူ" မှ 90 KVA Generator with Diesel Engine (3 Phase) (Brand New) (1) Set ကို "ဝယ်ယူသူ" ၏ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) စတိုသို့ သတ်မှတ်ကာလအတွင်း အချိန်မီအရောက် ပေးပို့ရမည်။

(ဃ) "ဝယ်ယူသူ" က စာချုပ်ပါ အရေအတွက်၊ အရည်အသွေးအား ကိုက်ညီမှု ရှိ/ မရှိကို ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့ဖြင့် လက်ခံယူမည်ဖြစ်ပြီး အရေအတွက်၊ အရည်အသွေးပြည့်မီခြင်း မရှိပါက "ရောင်းသူ" မှ မိမိစရိတ်ဖြင့် ပြန်လည်သယ်ဆောင်ပြီး အရေအတွက်၊ အရည်အသွေးကိုက်ညီမှုရှိသော ပစ္စည်းအား နှစ်ဦးသဘောတူ သတ်မှတ်ချိန်အတွင်း အချိန်မီ လဲလှယ်ပေးရမည်ဖြစ်ပါသည်။

(င) ယင်းသို့ "ရောင်းသူ" ၏ ကိုယ်စားလှယ်မှ ပစ္စည်းပေးသွင်းပြီးနောက် ဖွင့်ဖောက်စစ်ဆေးရေး အဖွဲ့မှ ကျေနပ်လက်ခံကြောင်း အထောက်အထားရသည့်နေ့မှစ၍ ယင်းပစ္စည်းများနှင့် ပတ်သက်၍ အာမခံ (Warranty) (၁) နှစ်ပေးရမည်။ ယင်းအာမခံကာလအတွင်း ပစ္စည်း ချို့ယွင်းမှုဖြစ်ပေါ်လျှင် အဖိုးအခ တစ်စုံတစ်ရာ တောင်းဆိုခြင်းမပြုဘဲ စာချုပ်ပါ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ပစ္စည်းအား အမြန်ဆုံးလဲလှယ်ပေးပြီး ကောင်းမွန်သည့် အထိပြုပြင်ပေးရမည်။

**ငွေပေးချေခြင်းစနစ်**

၁၀။ ဝယ်ယူသူမှရောင်းသူသို့ အောက်ပါအတိုင်းငွေပေးချေမည်-

(က) "ရောင်းသူ" မှ အရည်အသွေးပြည့်မီသော ပစ္စည်းအားလုံးပေးသွင်းပြီးနောက် ငွေတောင်းခံလွှာ အချက်အလက် ပြည့်စုံစွာဖြင့်ငွေတောင်းခံသည့်အခါ "ဝယ်ယူသူ" က ငွေပေးချေမည်ဖြစ်သည်။

(ခ) ပစ္စည်းပေးသွင်းပြီးသည်နှင့် စာချုပ်တွင် ချုပ်ဆိုလက်မှတ်ရေးထိုးထားသူ တာဝန်ခံကိုယ်တိုင် တရားဝင်ငွေတောင်းခံလွှာ၊ ပစ္စည်းလက်ခံရရှိမှုပြေစာ၊ ပေးပို့ပြီးသည့် ပြေစာများနှင့်အတူ အရေအတွက်၊ အရည်အသွေးပြည့်မီကြောင်း "ဝယ်ယူသူ" ထောက်ခံချက်တို့ကို တပါတည်း ပူးတွဲ တင်ပြတောင်းခံရမည်ဖြစ်ပါသည်။

(ဂ) ငွေတောင်းခံလွှာအချက်အလက်ပြည့်စုံစွာ ရရှိပြီးသည်နှင့် (၇)ရက်အတွင်းတွင် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ၊ ဘဏ္ဍာရေးဌာနမှ မျဉ်းသားချက် ထုတ်ပေးပါမည်။

(ဃ) ငွေပေးချေရာတွင် ဝင်ငွေခွန်အဖြစ် ပေးချေငွေ၏ ၂% ကို ပေးချေငွေမှ ဖြတ်တောက်ပါမည်။

(င) ကုန်ပစ္စည်းပေးသွင်းပြီးပါက ပေးသွင်းခဲ့သည့် ပစ္စည်းများအတွက် ကျသင့်ကုန်သွယ် လုပ်ငန်းခွန်ပေးဆောင်၍ တင်သွင်းထုတ်လုပ်ထားကြောင်း ခိုင်မာသည့်အထောက်အထား ပူးတွဲတင်ပြနိုင်ရမည်။

(စ) စာချုပ်ပါ Specification အရည်အသွေးအတိုင်းပြည့်မီခြင်း ရှိ/မရှိနှင့် လက်ခံအသုံးပြုနိုင်မှု အခြေအနေကို ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်) ၏ ဖွင့်ဖောက်စိစစ်ရေးအဖွဲ့မှ စိစစ်၍ ကိုက်ညီမှုရှိပြီး Installation, Commissioning & Test Run ဆောင်ရွက်ပြီးစီး၍ စက်ရုံမှ Final Acceptance Certificate (FAC) ရရှိမှသာ ဖွင့်ဖောက်စိစစ်အဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ငွေတောင်းခံလွှာ တင်ပြရမည်ဖြစ်ပါသည်။ တင်ပြချက်အပေါ်စိစစ်၍ ငွေပေးချေဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (ဝယ်ယူခဲ့သည့်ပစ္စည်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်၍ ဆောင်ရွက်ထားမှုတင်ပြနိုင်ခြင်းမရှိပါက ငွေပေးချေဆောင်ရွက်နိုင်ခြင်းမရှိပါ။)

**လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံ (Performance Bank Guarantee) ပေးသွင်းခြင်းနှင့် ထုတ်ယူခြင်း**

၁၁။ လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံ (Performance Bank Guarantee) ပေးသွင်းခြင်းနှင့် ထုတ်ယူခြင်းကို အောက်ပါအတိုင်းဆောင်ရွက်မည်-

(က) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် Winning Way Co., Ltd. တို့သည် 90 KVA Generator with Diesel Engine (3 Phase) (Brand New) (1) Set ကို ဝယ်ယူရန် သဘောတူဆုံးဖြတ်ပြီး တင်ဒါအောင်မြင်ကြောင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အကြောင်းကြားပြီး (၂)ပတ်အတွင်း တင်ဒါအောင်မြင်သည့် ကုန်ပစ္စည်း၏ (၁၀ %) ဖြစ်သော ကျပ်၃,၅၉၀,၀၀၀.၀၀ (ကျပ်သုံးသန်းငါးသိန်းကိုးသောင်းတိတိ) တန်ဖိုးရှိ "မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း" အမည်ပါ သက်တမ်း ၆ – လ ရှိသည့် ပြန်လည်မရုပ်သိမ်းနိုင်သော လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံမူရင်း (Performance Bank Guarantee) ကို ဘဏ္ဍာရေးဌာန "မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း" (နေပြည်တော်) တွင် ပေးသွင်းပြီး လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုရမည်။ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုသည့် မည်သည့်ဘဏ်မဆို လက်ခံနိုင်ပါသည်)

(ခ) သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးနှင့်အရေအတွက် ကိုက်ညီသော ပစ္စည်းများကို သတ်မှတ်ကာလအတွင်း ပေးသွင်းနိုင်မှုရှိမှသာ လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံမူရင်း ကျပ်၃,၅၉၀,၀၀၀.၀၀(ကျပ်သုံးသန်းငါးသိန်းကိုးသောင်းတိတိ) ကို ပြန်လည်ထုတ်ပေးပါမည်။

**မူပိုင်ခွင့်နှင့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်ခွင့်**

၁၂။ "ရောင်းသူ"သည် စာချုပ်ပါ ကုန်စည်များရောင်းချရာတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ပဋိညာဉ်ချိုးဖောက်မှုဖြင့် နစ်နာကြေးတောင်းဆိုမှု (သို့မဟုတ်) အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင် "ရောင်းသူ" တွင်သာ တာဝန်ရှိစေရမည်။

22 SEP

မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၃။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များပေါ်ပေါက်ပါက "ရောင်းသူ" နှင့် "ဝယ်ယူသူ" တို့သည် အောက်ပါအတိုင်း သဘောတူလိုက်နာဆောင်ရွက်ရမည်-

(က) မလွန်ဆန်နိုင်သော ဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များအရ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် လုပ်ငန်းလုပ်ကိုင်မှုကို ထိခိုက်စေလျှင်၊ ဆုံးရှုံးစေလျှင် "တစ်ဘက်စာချုပ်ဝင်" သို့ ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးတောင်းခံမှုမရှိစေရ။

(ခ) ထိုသို့ မလွန်ဆန်နိုင်သောဖြစ်ရပ်များ ပေါ်ပေါက်လာပါက ဖြစ်ပေါ်သည့်အချိန် (၁၄)ရက်အတွင်း "စာချုပ်ဝင်တစ်ဦး"သည် "တစ်ဘက်စာချုပ်ဝင်" သို့ ချက်ခြင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ ဤအကြောင်းကြားခြင်းကို "တစ်ဘက်စာချုပ်ဝင်" ကလက်ခံမှသာလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်သည် အထမြောက်အတည်ဖြစ်သည်။ မလွန်ဆန်နိုင်သောဖြစ်ရပ်ဖြစ်ကြောင်း ကြေညာချက်ကို "တစ်ဘက်စာချုပ်ဝင်" က သဘောတူရမည်ဖြစ်ပြီး သဘောတူလက်ခံမှုကို မလျော်မကန်ထိန်ချန် ဆိုင်းငံ့ခြင်းမပြုစေရ။ အထက်ပါ ဖြစ်ရပ်တစ်ခုခုကြောင့် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့သော် အဆိုပါနှောင့်နှေးကြန့်ကြာမှုကာလကို စာချုပ် အကောင်အထည်ဖော်မှုကာလတွင် ထည့်သွင်းရေတွက်ခြင်းမပြုရ။

ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

၁၄။ ရောင်းချသူအနေဖြင့် ပေးသွင်းရမည့်ပစ္စည်းများနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်သော အကာအကွယ် အစီအစဉ်စသည်တို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များနှင့်အညီဆောင်ရွက်ရမည်။

လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံ (Performance Bank Guarantee) သိမ်းယူခြင်းနှင့် လျော်ကြေးပေးခြင်း

၁၅။ "ရောင်းသူ"သည် အထက်အပိုဒ် (၃) နှင့် (၇)ပါ သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးနှင့်အရေအတွက်ကိုက်ညီသော ပစ္စည်းများကို သတ်မှတ်ကာလအတွင်း ပေးသွင်းနိုင်ခြင်းမရှိခဲ့လျှင်လည်းကောင်း ၊ စာချုပ်ပါ စည်းကမ်းချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ခဲ့လျှင် လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံ(Performance Bank Guarantee) ကို သိမ်းဆည်းခြင်းခံရမည်။

၁၆။ "ရောင်းသူ"သည် အထက်အပိုဒ်(၃) နှင့် (၇)ပါ သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အရေအတွက်ကိုက်ညီသော ပစ္စည်းများကို သတ်မှတ်ချိန်အတွင်း ပေးသွင်းခြင်းမပြုလျှင် "ဝယ်ယူသူ"မှ ယင်းပစ္စည်းလိုအပ်မှုအခြေအနေပေါ်မူတည်၍ သင့်လျော်သော နစ်နာဆုံးရှုံးမှုတန်ဘိုးကို တောင်းခံနိုင်ပါသည်။ ယင်းသို့တောင်းခံခဲ့လျှင် သတ်မှတ်နှောင့်နှေးကြန့်ကြာမှုဒဏ်ကြေးအဖြစ် (၁)ပတ်လျှင် နောက်ကျသည့်ပစ္စည်းတန်ဖိုး၏ ၁% ပေးဆောင်ရမည်ဖြစ်ပြီး စုစုပေါင်းနစ်နာဆုံးရှုံးမှုတန်ဖိုးသည် ၎င်းနောက်ကျပစ္စည်းတန်ဖိုး၏ ၄% ထက်မကျော်စေရ။

၁၇။ ပစ္စည်းပေးသွင်းရမည့် သတ်မှတ်နေ့ရက်မှ နောက်ထပ်ရက်ပေါင်း (၃၀) အထိ ဒဏ်ကြေး ပေးဆောင်နိုင်သော်လည်း ရက်(၃၀) ပြည့်ပြီး နောက်တစ်နေ့မှစ၍ "ပစ္စည်းလက်ခံသူ" (ဝယ်ယူသူ) မှ လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံ(Performance Bank Guarantee) သိမ်းပြီး စာချုပ်ဖျက်သိမ်းနိုင်သည်။ ရက်ပေါင်း(၃၀) မပြည့်မီ " ပစ္စည်းလက်ခံသူ" (ဝယ်ယူသူ)မှ အောက်ပါအတိုင်း သတိပေးအကြောင်းကြားစာ (၂)ကြိမ် ထုတ်ပြန်မည်ဖြစ်သည်-

(က) ပစ္စည်းပေးသွင်းရမည့်သတ်မှတ်ရက်ကျော်လွန်ပြီး (၂)ပတ် အကြာတွင် ပထမအကြိမ် သတိပေးအကြောင်းကြားစာပေးပို့မည်။

(ခ) ပစ္စည်းပေးသွင်းရမည့်သတ်မှတ်ရက်ကျော်လွန်ပြီး (၃)ပတ် အကြာတွင် ဒုတိယအကြိမ် သတိပေးအကြောင်းကြားစာပေးပို့မည်။

၁၈။ ပစ္စည်းပေးသွင်းရမည့်သတ်မှတ်ရက်ကျော်လွန်ပြီး ရက်(၃၀)ပြည့်ပြီး နောက်တစ်နေ့မှစ၍ လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံ(Performance Bank Guarantee) သိမ်းယူပြီး စာချုပ် ဖျက်သိမ်းမည်ဖြစ်ရာ ရက်(၃၀)ပြည့်ပြီး နောက်တစ်နေ့မှစ၍ ပစ္စည်းရောက်ရှိလာပါက "ပစ္စည်းလက်ခံသူ" (ဝယ်ယူသူ)မှ လက်ခံမည်မဟုတ်ပါ။ နစ်နာဆုံးရှုံးမှုရှိပါက "ပစ္စည်း ပေးသွင်းသူ"(ရောင်းသူ)၏ တာဝန်သာဖြစ်ပါသည်။

22 SEP 2023

**စာချုပ်အား ပြင်ဆင်ခြင်း ၊ ဖြည့်စွက်ခြင်း**

၁၉။ ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက်တွင် "ရောင်းသူ"နှင့် "ဝယ်ယူသူ"တို့သည် စာဖြင့် သဘောတူညီမှုမရှိဘဲ ဤစာချုပ်ပါအချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နှုတ်ပယ်ခြင်း မပြုလုပ်ရ။

၂၀။ နှစ်ဦးနှစ်ဖက်သဘောတူ၍ စာဖြင့်ရေးသားသော ထိုပြင်ဆင်မှုပါ အချက်အလက်များ (သို့မဟုတ်) ၎င်းအချက်အလက်များ၏ အနှစ်သာရများသည် ဤစာချုပ်ပါ မူလရည်ရွယ်ချက်ကို မပျက်စေရ။ စာချုပ်ပြင်ဆင်ပြောင်းလဲမှုအရပ်ရပ်သည် ဤစာချုပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်စေရမည်။

**စာချုပ်ဖျက်သိမ်းခြင်း**

၂၁။ စာချုပ်သည် သက်ဆိုင်ရာ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်မညီလျှင်ဖြစ်စေ၊ "ရောင်းသူ" "ဝယ်ယူသူ" တို့သည် ဤစာချုပ်ကို ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်သည့်အခါဖြစ်စေ ဤစာချုပ်ကို ဖျက်သိမ်းနိုင်သည်။

၂၂။ ရောင်းသူသည် စာချုပ်ပါပစ္စည်းပေးသွင်းရန်သတ်မှတ်ထားသည့်ကာလကျော်လွန်ပြီး နောက်ထပ် ရက်ပေါင်း(၃၀)အတွင်း ပစ္စည်းပေးသွင်းခြင်းမပြုလျှင် "ဝယ်ယူသူ" မှ စာချုပ်ကိုဖျက်သိမ်းနိုင်သည်။ ၎င်းအပြင် ပေးသွင်းထားသည့် လုပ်ငန်းဆောင်ရွက်မှု ဘဏ်အာမခံ (Performance Bank Guarantee) အား သိမ်းဆည်းပြီး "ရောင်းသူ"နှင့် ကုမ္ပဏီ၏ တာဝန်ရှိသူတို့အား စွမ်းအင်ဝန်ကြီးဌာနမှ ခေါ်ယူသော တင်ဒါများတွင် ဝင်ရောက် ယှဉ်ပြိုင်ခွင့်(၁)နှစ်တိတိ ပိတ်သိမ်းမည်ဖြစ်ပါသည်။

၂၃။ စာချုပ်ဖျက်သိမ်းသည့်အခါ "ရောင်းသူ" သည် "ဝယ်ယူသူ" ဖြစ်သောအစိုးရဌာန၊ အဖွဲ့အစည်းက ပေးချေထားသည့် ငွေများအားလုံးကို အပြည့်အဝပေးသွင်းပြီးမှသာ စာချုပ်ကို ဖျက်သိမ်းရမည်။

**အငြင်းပွားမှုဖြေရှင်းခြင်း**

၂၄။ ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ ဖြေရှင်း၍မရပါက အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ၂၀၁၆ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (မြန်မာနိုင်ငံဥပဒေ အမှတ် ၅/၂၀၁၆) နှင့် နောက်ပိုင်းထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်မည့်နေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော် ဖြစ်စေရမည်။ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူကကျခံရမည်။

ဆက်သွယ်ရန်လိပ်စာများ

၂၅။ ဤသဘောတူ စာချုပ်နှင့်စပ်လျဉ်း၍ အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများကို စာတိုက်၊ စကားပြောကြေးနန်း၊ တဲလက်စ်၊ ဖက်စ်၊ ကြိုးမဲ့ကြေးနန်း၊ ကြေးနန်းတို့ဖြင့် ပေးပို့သူက ကျသင့်ငွေ ကြိုတင်ပေးချေ၍ ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ရာတွင် အောက်ဖော်ပြပါ လိပ်စာများအတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်-

(က) "ပစ္စည်းလက်ခံသူ"(ဝယ်ယူသူ) - ဦးအောင်မြင့်
ဦးဆောင်ညွှန်ကြားရေးမှူး
ဌာန- မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ဖုန်း-၀၆၇-၃၄၁၁၁၁၆
Email-mpeict@gmail.com

(ခ) " ပစ္စည်းပေးသွင်းသူ" (ရောင်းသူ) - ဦးပိုင်စိုးလင်း
Director
Winning Way Co., Ltd.
No. 589-592, Bo Aung Kyaw Street,
Yangon-Pathein Highway Road,
Hlaing Thar Yar Township,
Yangon, Myanmar.

အထွေထွေ

၂၆။ စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ စာချုပ်အကျိုးသက်ရောက်မှုရှိရမည်။

၂၇။ မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းဖြစ်၍ နိုင်ငံခြားငွေဝယ်ယူခွင့်အား ဌာနအနေဖြင့် ထောက်ခံတင်ပြပေးမည်မဟုတ်ပါ။ တင်ဒါအောင်မြင်သူ၏ Supplier/Manufacturer သို့ နိုင်ငံခြားငွေပေးချေခြင်းအား ကုမ္ပဏီမှ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၈။ ဤစာချုပ်ပါ ကုန်ပစ္စည်းပေးသွင်းမှုနှင့် ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များအတွက် စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန်အခက်အခဲရှိပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် Winning Way Co., Ltd.တို့သည် နှောင့်နှေးမှုမရှိစေဘဲ နှစ်ဘက်ညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်သည်။

၂၉။ အကြောင်းအမျိုးမျိုးကြောင့် ဌာနမှ ငွေပေးချေခြင်းနောက်ကျမှုရှိခဲ့ပါက အတိုးတောင်းခံခြင်းမပြုရ။

၃၀။ အထက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် နှစ်ဦးနှစ်ဖက်သဘောတူညီကြပြီး စာချုပ်ပါ 90 KVA Generator with Diesel Engine (3 Phase) (Brand New) (1) Set အတွက် ကျသင့်ငွေ ကျပ်၃၅,၉၀၀,၀၀၀.၀၀(ကျပ်သုံးဆယ့်ငါးသန်းကိုးသိန်းတိတိ) ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၂၅ရက်နေ့တွင် အောက်ပါအသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်-

| | |
|---|---|
| "ဝယ်ယူသူ" (ကိုယ်စား) | "ရောင်းသူ" |
| အောင်မြင့် | ပိုင်စိုးလင်း |
| ဦးဆောင်ညွှန်ကြားရေးမှူး | Director |
| မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | ၈/စလန(နိုင်)၁၀၁၇၁၈ |
| | Winning Way Co., Ltd. |
| အသိသက်သေ | အသိသက်သေ |
| ယဉ်ယဉ်အောင် | ကြည်စိုးသာ |
| ညွှန်ကြားရေးမှူး၊စီမံရေး | Sale Manager |
| မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | ၉/ပမန(နိုင်)၁၇၄၈၄၀ |
| | Winning Way Co., Ltd. |

အသိသက်သေ

တင်ဇော်မြင့်

ညွှန်ကြားရေးမှူး၊ဘဏ္ဍာရေး

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း